


ဟောကြားသူ၊ ဥက္ကဋ္ဌကြီး သောမစ် အဲ့စ် မွန်ဆွန်

# နာခံခြင်းအားဖြင့် ကောင်းကြီးမင်္ဂလာခံစားရ

*ဘုရားသခင်ရဲ့ ပညတ်တော်တွေကို လိုက်လျှောက်နာခံတဲ့အခါ သမ္မာတရားကို သိကျွမ်းနားလည်ခြင်းနဲ့၊ ဘဝမှာရှိတဲ့ မေးခွန်းတွေရဲ့အဖြေကို ရှာဖွေတွေ့ရှိရသောအခွင့်ကိုရရှိပါတယ်။*

ချစ်ခင်မြတ်နိုးရပါသော ညီအကို မောင်နှမများခင်ဗျား၊ ယနေ့မှာ အခုလိုဆုံတွေ့ခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူဝမ်းမြောက်ဖြစ်မိပါတယ်။ ယနေ့ တရားဒေသနာဟောဖို့ရန်အတွက် ပြင်ဆင်တဲ့ အခါ၊ သင်တို့အားလုံးရဲ့ယုံကြည်ခြင်းနှင့် ဆုတောင်းခြင်းကို အထူးတလည်တွေးတော စဉ်းစားမိပါတယ်။

ခေတ် အဆက်ဆက်တိုင်းမှာ လူတိုင်း သမ္မာတရားကိုလည်းကောင်း၊ ဘဝရဲ့အဓိပ္ပါယ်အားလည်းကောင်း ငြိမ်သက်ခြင်းကို လည်းကောင်း ကြိုးစားအားထုတ်ပြီး ရှာဖွေခဲ့ကြပါတယ်။ ကျွန်တော်တို့ အယောက်တိုင်းလည်း ဒီလိုကြိုးစားရှာဖွေခဲ့ကြဖူးပါတယ်။

လူတိုင်း ဒီအရာတွေကို သိကျွမ်းနားလည်ခွင့် ရှိပါတယ်။ ဒီအရာတွေကို ထာဝရတိုင်တည်တဲ့ သမ္မတရားထံမှရရှိနိုင်ပါတယ်။ "ကြည့်လော့၊ သခင်ဘုရားသည် ကောင်းမြတ်တော်မူ၏၊ ထိုကောင်းမြတ်တော်မူကြောင်းကို သန့်ရှင်းသောဝိညာဉ်တော်ကိုယ်တိုင် သက်သေထူပြီး၊ ၎င်းသက်သေသည် မှန်ကန်တော်မူ၍၊ ထိုသမ္မာတရားသည် ထာဝရတိုင်တည်ရှိတော်မူ၏" လို့ ယုံကြည်ခံယူချက် အခန်း ၁၊ အပိုဒ် ၃၉ မှာ ပြောထားပါတယ်။

ကဗျာ ဆရာတစ်ပါးအဆိုရှိပါတယ်..

*ကောင်းကင်နှင့် မြေကြီး ပျက်စီးသွားလည်း၊*

*မိမိတို့ရှင်သန်ရခြင်းရဲ့ ကြောင်းရင်း၊*

*သမ္မာတရားအောင်နိုင်လိမ့်မည် အဆုံးအား၊*

*ထာဝရ၊ ပြောင်းလဲခြင်းမရှိ၊ အစဉ်တည်၏။*[၁]

"အဲဒီလိုသမ္မတရားမျိုးကို ဘယ်မှာတွေ့နိုင်မလဲ၊ ဘယ်လိုသိမှတ်နိုင်မလဲလို့" တစ်ချို့ မေးကောင်း မေးနိုင်ပါတယ်။ မေလ၊ ၁၈၃၃ ခုနှစ်မှာ ပုရောဖက် ဂျိုးဇက်စမစ်ထံကို ဘုရားသခင်က ဗျာဒိတ်ထားခဲ့ပါတယ်။

"သမ္မာတရားဟူသည် ခပ်သိမ်းသောအရာတို့ကို အရှိကိုအရှိတိုင်း၊ ရှိခဲ့ ဖြစ်ခဲ့သည့်အတိုင်း၊ နှင့် ရှိလိမ့် ဖြစ်လိမ့်မည့်အတိုင်း သိကျွမ်းခြင်းဖြစ်သည် …

"ဘုရားသခင်၏ ဝိညာဉ်တော်သည် ကောင်းမြတ်တော်မူ၏ …

"ဘုရားသခင်၏ပညတ်တော်များကို မလိုက်လျှောက်ပဲ အဘယ်သူမျှပြည့်စုံခြင်းသို့ မရောက်စေရ။"

"ဘုရားသခင်၏ပညတ်တော်ကို လိုက်လျှောက်သောသူသည် သမ္မာတရားနှင့် အလင်းကို ရကြ၍၊ အရာခပ်သိမ်းကို သိကျွမ်းခြင်းနှင့် ချီးမြောက်တော်မူခြင်းကို ခံရကြ၏။"[၂]

မွန်မြတ်လှသော ဂတိတော်မဟုတ်ပေဘူးလား။ "ဘုရားသခင်၏ပညတ်တော်ကို လိုက်လျှောက်သော သူသည် သမ္မာတရားနှင့် အလင်းကို ရကြ၍၊ အရာခပ်သိမ်းကို သိကျွမ်းခြင်းနှင့် ချီးမြောက်တော်မူခြင်းကို ခံရကြ၏။"

သင်နဲ့ ကျွန်ုပ်အတွက် ဧဝံဂေလိတရားတော်ကိုပြည်လည် ပေးအပ်ထားပြီးဖြစ်တဲ့ ဤနေ့ ဤခေတ်ကြီးမှာ၊ သမ္မာတရားကို ရှာဖွေဖို့ ပင်လယ်ရပ်ခြား ခရီးသွားရှာဖွေရန်မလိုအပ်တော့ပါဘူး။ ကျွန်တော်တို့ရဲ့ ကောင်းကင်ဘုံရှင် အဘဘုရားသခင်က ကျွန်တော်တို့လိုက်လျှောက်ရမယ့် အသက်တာကို ခင်ကျင်းပြသထားပြီး ဖြစ်တဲ့အပြင်-- *နာခံခြင်းအားဖြင့်*ကျရှုံးခြင်းမရှိတဲ့ အသက်တာကို ပိုင်ဆိုင်ဖို့ရန်လည်း ဂတိထားရှိပါတယ်။ သမ္မတရားကို သိကျွမ်းခြင်းနဲ့ ဘဝမေးခွန်းများစွာအတွက်အဖြေကို ဘုရားသခင်ရဲ့ ပညတ်တော်များကို လိုက်လျှောက်ခြင်းအားဖြင့် ရရှိပါတယ်။

နာခံခြင်းကို အသက်တာတစ်လျှောက်လုံးမှာ သင်ယူရပါတယ်။ ငယ်ရွယ်တဲ့အသက်အရွယ်က စပြီး၊ အသက်အန္တရာယ်မရှိအောင် မိဘ၊ အုပ်ထိန်းသူတွေရဲ့ စည်းကမ်းကို လိုက်လျှောက်ခဲ့ရတယ်။ လူတိုင်း အဲဒီလိုစည်းကမ်း လိုက်နာခဲ့မယ်ဆိုရင်ဖြင့်၊ ဘဝဟာ ပိုပြီး ရိုးရှင်းပါလိမ့်မယ်။ သို့သော်၊ နာခံခြင်းကို ကျွန်တော်တို့ အယောက်တိုင်း ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံများအပေါ် သင်ယူခဲ့ရပါတယ်။

ကျွန်တော်ငယ်စဉ်အခါကဆိုရင်၊ နွေရာသီအချိန်ရောက်တိုင်း ဇူလိုင်လ အစောပိုင်းကနေ စက်တင်ဘာလ အစောပိုင်းအထိ၊ ယုတမြို့နယ်၊ ပရိုဘိုမြို့ ဗီဗီရင်မှာ ရှိတဲ့ အပန်းဖြေအိမ်မှာ အမြဲတည်းခိုလေ့ရှိပါတယ်။

အဲဒီအချိန်အမှာ ကျွန်တော့်ငယ်သူငယ်ချင်း ဒယ်နီ လာစန် နှင့် မိသားစုလည်း၊ ကျွန်တော်တို့ မိသား စုလိုပဲ အဲဒီမှာ အပန်းဖြေလေ့ရှိပါတယ်။ နေ့တိုင်း ကျွန်တော်တို့နှစ်ယောက်ဟာ ချောင်းမှာငါးများလိုက်၊ ကျောက်ခဲကောက်လိုက်၊ တောင်တက်လိုက် နှင့် စက္ကန့်နဲ့ အမျှပျော်ပျော်ရွှင်ရွှင် ကစားခဲ့ကြတယ်။

တစ်နေ့ မနက်မှာတော့၊ အနီးအနားမှာ ရှိတဲ့ မိတ်ဆွေများနဲ့ အတူ ညနေခင်းမှာ မီးပုံပွဲလုပ်ဖို့၊ ဒယ်နီနဲ့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ အဲဒီလိုလုပ်ဖို့ရန်အတွက်၊ နေအိမ်နဲ့သိပ်မဝေးတဲ့ နေရာမှာ အားလုံးအတွက် နေရာတစ်ခုပဲ ရှင်းဖို့လိုတယ်။ ဒါပေမယ့်ဇွန်လပေါက်မြက်ခင်းတွေက ကွင်းတခုလုံးကို ဖြံ့ထားရုံမက၊ ခြောက်သွေ့ စူးရှလွယ်တာကြောင့်၊ ကျွန်တော်တို့အစီအစဉ်အတွက် အခက်အခဲဖြစ်ရပါတယ်။ ဒါနဲ့ ကျွန်တော်တို့လည်းအားလုံး ဝိုင်းထိုင်လို့ရလောက်တဲ့ နေရာကို ရဖို့စတင်ပြီး မြက်ခင်းရှည်တွေကို နုတ်ယူပါတယ်။ ရှိသမျှအင်အားသုံးပြီး ရှင်းဖို့ကြိုးစားခဲ့ပေမယ့် အလုပ်မတွင်ဖြစ်ခဲ့ပါတယ်။ ဒီအရာပြီးမြောက်ဖို့ဆိုရင် တစ်နေ့လုံးလုပ်ရမှာ ဖြစ်တဲ့အပြင်၊ ကျွန်တော် တို့ အားလုံး အားအင်ကုန်ခမ်း၊ သိပ်စိတ်မပါတော့သလိုဖြစ်လာပါတယ်။

ဒါနဲ့ ကျွန်တော့် ရဲ့ ရှစ်နှစ်သားအတွေးနဲ့ ဒီပြဿနာကို ဖြေရှင်းဖို့ စဉ်းစားရာမှာ အဖြေတစ်ခုကို တွေးမိလိုက်ပါတယ်။ ကျွန်တော် ဒယ်နီ ကို

"ဟေး ဒယ်နီ ဒီ မြက်ခြောက်တွေကို မီးရှို့လိုက်ရင် ငါတို့ စုဂေးဖို့နေရာရပြီ" လို့ပြောလိုက်ပါတယ်။ အားလုံးပိုင်းထိုင်လို့ရအောင် ဒီနေရာကို မီးရှို့လိုက်ရင် ရပြီလို့ ပြောတော့ ဒယ်နီလည်း ချက်ချင်းသဘောတူပါတယ်။ ကျွန်တော်လည်း မီးခြစ် ယူဖို့အိမ်ကို အပြေးလွှားလိုက်တယ်။

အများအထင်မမှားအောင်ပြောရမယ် ဆိုရင်ဖြင့်၊ ရှစ်နှစ်သားအရွယ်သာရှိသေးတဲ့ ကျွန်တော်နဲ့ ဒယ်နီမှာ လူကြီးတွေရဲ့ ခွင့်ပြုချက်မပါပဲ မီးခြစ်သုံးခွင့်မရှိပါဘူး။ ကျွန်တော်တို့ရဲ့ မိဘတွေကလည်း အမြဲဆိုသလို မီးဟာ အလွန်အန္တရာယ်ရှိကြောင်း သတိပေးခဲ့ပါတယ်။ သို့သည်တိုင်၊ မီးခြစ်ဘယ်မှာ ရှိသလဲဆိုတာ ကျွန်တော်သိပြီးသားဖြစ်သလို၊ အခုဆို ဒီမြက်ခင်းရှင်းဖို့ အရမ်းလိုအပ်နေပါတယ်။ ဒီလိုနဲ့ ပဲ ဘယ်သူမှမသိခင်မှာ အိမ်ကို သွားပြီး မီးခြစ်ဆံတစ်ချို့ယူလိုက်ပါတယ်။ ပြီးတော့အိတ်ကပ်ထဲကို ချက်ချင်းထည့်လိုက်တယ်။

ပြီးတော့ ဒယ်နီ့ထံကို ပြန်သွားပြီး ပြဿနာကို ဖြေရှင်းနိုင်မယ့် မီးခြစ်ဆံတွေဟာ ကျွန်တော့်အိတ်ထဲမှာ ရှိလို့ပျော်ရွှင်နေခဲ့ပါတယ်။ ကျွန်တော့်၏အထင်ကတော့ ကျွန်တော်တို့ လိုချင်သလောက်ကိုသာ မီးကလောက်မြိုက်ပြီးရင် အလိုလိုမီးပြန်ငြိမ်းသွားမယ်ပေါ့။

ဒါနဲ့ကျွန်တော်လည်း မီးခြစ်ဆံကို ချစ်ပြီး အလွန်ခြောက်သွေ့တဲ့ ဖွန်လ မြက်ခင်းကို မီးတပုန်းပုန်း တောက်စေခဲ့ပါတယ်။ မီးလောင်လိုက်ပုံကတော့ နေရာတစ်ခုလုံး ဓာတ်ဆီဆွတ်ထားသလိုပါပဲ။ အစကတော့ ဒယ်နီနဲ့ ကျွန်တော်တို့ နှစ်ယောက်ဟာ မြက်ခင်းတွေလောင်ကျွမ်းနေတာကိုကြည့်ပြီး ပီတိဖြစ်ခဲ့တာပေါ့၊ သို့သော် မီးကဘယ်တော့မှ မငြိမ်းတော့မယ့် ပုံစံဖြစ်လာတယ်။ ဘယ်လိုမှ မီးကို ငြိမ်းလို့ မရတော့ဘူးဆိုသိလိုက်တော့ နှစ်ယောက်သားအလွန်တုန်လှုပ်ခဲ့ကြတယ်။ ဒါနဲ့ မီးက တောင်ကုန်းတစ်လျှောက်ကူးစက်ပြီး ထင်းရှူးပင် နဲ့ အခြားရှိတဲ့ အရာတွေအတွက် အန္တရာယ်ဖြစ်လာပါတယ်။

အဆုံးမှာ အကူအညီတောင်းဖို့ကလွဲပြီး တစ်ခြားနည်းလမ်းမရှိတော့တဲ့အတွက် အများထံ အကူအညီတောင်းခဲ့ပါတယ်။ မကြာခင်မှာပဲ ဗီဗီရံ အပန်းဖြေစခန်းမှာ ရှိတဲ့ ယောက်ျား မိန်းမ အားလုံး ရှိသမျှရေစိုအိတ်တွေကို အသုံးပြုပြီး မီးငြိမ်းသတ်ခဲ့ပါတယ်။

အဲဒီနေ့မှာ ဒယ်နီနဲ့ ကျွန်တော် တကယ်ပဲ ခက်ခဲပြီးအရေးပါလှတဲ့ သင်ခန်းစာတစ်ချို့ကို လေ့လာခဲ့ရပါတယ်။ အဲဒီသင်ခန်းစာထဲက အရေးပါဆုံး သင်ခန်းစာကတော့ နာခံခြင်းပါပဲ။

ကျွန်တော်တို့ရဲ့ ကိုယ်ခန္ဓာကို အန္တရာယ်မှ ကာကွယ်ဖို့ရန် ချမှတ်ထားတဲ့ စည်းကမ်း ဥပဒေတွေရှိပါတယ်။ ထို့နည်းတူ၊ အလွန်အန္တရာယ်များတဲ့ လူ့ဘဝခရီးကို ဖြတ်သန်းစဉ်ခါ၊ ဂိညာဉ်ရေးရာအန္တရာယ်မှ ကင်းဝေးပြီး ကောင်းကင်ဘုံရှင်အဘထံသို့ ချောမွေ့စွာပြန်လည်ရောက်ရှိ နိုင်ဖို့ရန် ပညတ်တော်တွေကို ဘုရားသခင်ချမှတ်ထားပါတယ်။

လွန်ခဲ့တဲ့ရာစုနှစ်များစွာက ယဇ်ပူဇော်ခြင်းကို အမြဲပြုရလေ့ရှိတဲ့လူမျိုးတစ်စုထံကို ပုရောဖက် ရှာမွေလက "နာခံခြင်းအသက်တာသည် ယဇ်ပူဇော်ခြင်းထက် သာ၍ကောင်း၏" လို့မိန့်ထားခဲ့ပါတယ်။[၃]

ဤနောက်ပိုင်းကလာမှာတော့ ဘုရားသခင် ပုရောဖက် ဂျိုးဇက်စမစ်ထံကို "နှလုံးသားပါသော နာခံခြင်းသက်တာကို လိုက်လျှောက်သောသူသည် ဇီအုန်တောင်မှလာသော ကောင်းကြီးမင်္ဂလာကို အဆုံးမှာ စံစားရမည်။" လို့ မှာကြားခဲ့ပါတယ်။[၄]

ရှေးယခင်ပုရောဖက်များသော်လည်းကောင်း၊ မျက်မှောက်ကာလရှိ ပုရောဖက်များသော်လည်းကောင်း၊ ကယ်တင်ခြင်းရရန် နာခံခြင်းအသက်တာ အလွန်အရေးကြီးကြောင်းကို သွန်သင်ထားပါတယ်။ "သခင်ဘုရားပညတ်ထားသည့်တိုင်း ကျွန်ုပ်သွား၍ဆောင်ရွက်ပါမည်။"[၅] အများသူငါ ယုံကြည်ခြင်းကင်းပြီး၊ နာခံမှုကင်းသည့်တိုင်၊ သခင်ဘုရားရဲ့ ခိုင်းစေချက်များကို တစ်ကြိမ်တစ်ခါမျှ နီဖိုင်း မငြင်းခဲ့ဖူးပါ။ ဒါကြောင့်လည်း သူရဲ့ မျိုးဆက်များစွာလည်း ကောင်းကြီးခံစားခဲ့ကြရပါတယ်။

တကယ်ပဲ စိတ်ဝိညာဉ်ကို တုန်လှုပ်စေနိုင်လောက်တဲ့ နာခံချင်းနှင့် ပါတ်သက်တဲ့ ဥပမာကတော့ အာဗြဟံနဲ့ အိုင်းဇက် အကြောင်းပါပဲ။ ဘုရားသခင်ရဲ့ စကားကို နာခံဖို့ရန်အတွက် မောရိတောင်ကို သွားပြီး သူချစ်မြတ်နိုးလှသောသား အိုင်းဇက်ကိုယဇ်ပူဇော်ရန်ပြင်ဆင်ခြင်းဟာ ပြောမတတ်အောင် ခက်ခဲရုံသာမက ဘယ်လောက်တောင်နာကျင်လိမ့်မလဲ။ ဘုရားသခင် သတ်မှတ်ထားတဲ့ နေရာကို သွားနေတဲ့ အာဗြဟံ ဘယ်လောက်စိတ်ကြေကွဲနေမလဲဆိုတာ သင် ခံစားကြည့်မိရဲ့လား။ သား အိုင်းဇက်ကို ကြိုးတုပ်ချည်နှောင်ပြီး၊ ယဇ်ပူဇော်ဖို့ ပြင်ဆင်နေချိန်မှာ ဘယ်လောက်ထိတိုင် အာဗြဟံ ကြေကွဲခံစားရမလဲဆိုတာ စိတ်ကူးလို့တောင်မရပါဘူး။ သို့သော် ခိုင်မာသောယုံကြည်ခြင်းနဲ့ သခင်ဘုရားကို အကျွင်းမဲ့အာကိုးခြင်းဖြင့် ဘုရားသခင်ရဲ့ စကားကို သူ နာခံခဲ့ပါတယ်။ အဆုံးမှာတော့ ဂမ်းမြောက်ဖွယ်ဖတ်သိမ်းခဲ့ပါတယ်။ "သူငယ်အပေါ်သင်၏ ဓားကိုမတင်ပါနှင့်၊ မည်သို့သော အမှုကိုမျှလည်းအသင်မပြုရ၊ ယခုမှကား၊ မိမိ၏ တစ်ဦးတည်းသောသားကို ပင်မနမြောပဲ၊ ဘုရားသခင်ကို ကြောက်ရွံ့သည်ကို ငါသိတော်မူပြီ" လို့ဘုရားသခင်က ဆိုခဲ့ပါတယ်။[၆]

အာဗြဟံရဲ့ယုံကြည်ခြင်းကို ဘုရားသခင် စမ်းသပ်ခဲ့ပြီး သူ့ရဲ့သစ္စာရှိမှုနဲ့ နာခံမှု အသက်တာကြောင့်၊ ကြီးမားသော ဂတိကို ဘုရားသခင်ပြုခဲ့ပါတယ်။ "သင်၏မျိုးဆက်အားဖြင့် လူမျိုးအပေါင်းတို့သည်ကောင်းကြီးခံရကြလိမ့်မည်။ အကြောင်းမူကား သင်သည် ငါ၏စကားတော်ကို နာခံခဲ့သည်။"[၇]

ကျွန်တော်တို့ရဲ့ နာခံခြင်းကို အာဗြဟံလို ပြသရန်ဘုရားသခင် မတောင်းလျှောက်ခဲ့သော်လည်း၊ လူတိုင်းနာခံရန်လိုအပ်ပါတယ်။ "နာခံခြင်းသည် ကောင်းကင်ဘုံ၏ ကနဦးပညတ်ဖြစ်သည်"လို့ ဥက္ကဋ္ဌ ဂျိုးဇက်စမစ်က အောက်တိုဘာလ၊ ၁၈၇၃ ခုနှစ်မှာ မိန့်ကြားခဲ့ပါတယ်။ [၈]

"နောက်ပိုင်းကာလသန့်ရှင်းသူများ၏အသင်းသားများရဲ့ ပျော်ရွှင်ခြင်း၊ တိုးတက်ခြင်း၊ ကြီးပွါးခြင်းနှင့် ထာဝရကယ်တင်ခြင်း အပါအဝင် ထာဝရချီးမြောက်ခြင်းခံရခြင်းဟာ ဘုရားသခင်ရဲ့ သွန်သင်မှုကို လိုက်လျှောက်မှုအပေါ် မူတည်တယ်" လို့ ဥက္ကဋ္ဌ ဂေါ်ဒွန်ဘီဟင်ကလီက ဆိုခဲ့ပါတယ်။ [၉]

နာခံခြင်းဆိုတာ ပုရောဖက်တို့ရဲ့ ပုံသက်သေပါ၊ နာခံခြင်းက ခေတ်အဆက်အဆက်တိုင်းမှာ အသိတရားတိုးပွါးခြင်းနှင့် ခွန်အားကို ဖြစ်စေခဲ့ပါတယ်။ ကျွန်တော်တို့အားလုံးဟာလည်း အသိတရားတိုးပွါးပြီး ခွန်အားများကို ပိုင်ဆိုင်နိုင်သော အခွင့်ရှိကြောင်းကိုသိထားရန် အလွန်အရေးကြီးလှပါတယ်။ ဤအရာအားလုံးကို ဘုရားသခင်ရဲ့ ပညတ်တော်တွေကို နာခံပါက ယနေ့ပင် ကျွန်တော်တို့ရနိုင်ပါတယ်။

ကုန်လွန်ခဲ့တဲ့နှစ်များတစ်လျှောက်၊ တကယ်ပဲ ယုံကြည်ခြင်းအားကြီးပြီးနာခံခြင်းနဲ့ပြည့်ဝတဲ့ အသက်တာ ကို လိုက်လျှောက်သူ တော်တော်များများကို ကျွန်တော်သိကျွမ်းခဲ့ဖူးပါတယ်။ သူတို့ကြောင့်လည်း ကျွန်တော်ကောင်းကြီးမင်္ဂလာခံစားခဲ့ရပါတယ်။ အဲဒီ့ ပုဂ္ဂိုလ်နှစ်ဦးရဲ့ အကြောင်းကို ကျွန်တော်ဝေငှ လိုပါတယ်။

ဝေါ်တာ ကရေးယူးစ်ဟာ တကယ်ပဲ သစ္စာရှိတဲ့အသင်းသားတစ်ယောက်ဖြစ်ပါတယ်။ သူနဲ့ သူ့မိသားစုဟာ ဒုတိယကမ္ဘာစစ်အပြီးမှာ အရှေ့ဂျာမဏီတွင် နေထိုင်ခဲ့ပါတယ်။ ဘယ်လောက်ပင် ခက်ခဲမှုများနဲ့ပြည့်ပါစေ၊ ဘယ်လောက်ပင် လွတ်လပ်ခွင့်ကင်းပါစေ၊ ညီအကိုကြီး ကရေးယူစ်ဟာ တကယ်ပဲ ဘုရားသခင်ကို ချစ်ပြီး အစေခံခဲ့ပါတယ်။ မိမိကိုပေးထားတဲ့တာဝန်တွေကို ကျေပွန်စွာနဲ့ သစ္စာရှိစွာ ထမ်းဆောင်ခဲ့ပါတယ်။

အခြားတစ်ယောက်ကတော့ ဂျိုဟန်း ဒင်ဒိုးဖာဖြစ်ပါတယ်။ သူဟာ ဟန်ဂေရီလူမျိုးဖြစ်ပြီး၊ ၁၇ နှစ် သားအရွယ်၊ ၁၉၁၁ မှာ နှစ်ခြင်းမင်္ဂလာခံယူပြီး အသင်းဝင်တစ်ဦးဖြစ်လာပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးလို့ အမိမြေ ဟန်ဂေရီကို ပြန်

တဲ့အခါ၊ သူ့ကို ဟန်ဂေရီအစိုးရက ဒီဘရီစီစင်မြို့မှာထောင်ချခဲ့ပါတယ်။ ဟန်ဂေရီမှာလည်း လွတ်လပ်ခွင့်ဟာ မရှိတော့တဲ့အချိန်ပါ။

တစ်ယောက်ကိုတစ်ယောက်မသိခဲ့ဘူးပေမယ့် ညီအကိုကြီး ဝေါတာကရေးယူးစစ် ဟာ မိသဿဟာရပြုဆရာအဖြစ် ဂျိုဟန်းကို ပုံမှန်သွားရောက်ကြည့်ရှုဖို့ရန်တာဝန်ပေးခြင်းခံခဲ့ရပါတယ်။ ညီအကိုကြီး ကရေးယူးစစ်က သူ့ရဲ့ မိသဿဟာရပြုဘက်ဆရာကို ဖုန်းခေါ်ပြီး "ကျွန်တော်တို့မှာ ညီအကိုကြီး ဂျိုဟန်း ဒင်ဒိုဖာကို မိသဿဟာပြုဖို့ တာဝန် ရှိတယ်၊ ဒီတစ်ပါတ် သွားလည်ပြီး ဗေ်ဂေလီတရား သွားရောက်ပေဌဖို့ ညီအကိုကြီးအားမလား။ ထို့နောက်သူက ညီအကိုကြီး ဒင်ဒိုးဖာ က ဟန်ဂေရီမှာ နေတယ်" လို့ပြောလိုက်ပါတယ်။

သူ့ရဲ့မိသဿဟာရပြုဘက်ဆရာ ကလည်း တအံ့တဩ နဲ့ "ဘယ်တော့သွားကြမှာလဲ" ဆိုပြီးမေးလိုက်ပါတယ်။

ညီအကိုကြီး ကရေးယူးစစ် ကလည်း "မနက်ဖြန်" လို့ ပြန်ဖြေလိုက်တယ်။

"ဘယ်တော့အိမ်ကို ပြန်လာမှာလဲ"လို့ မိသဿဟာရပြုဘက် ကမေးပြန်တယ်။

"အိုး..တစ်ပါတ်လောက်ကြာမယ်" လို့ ညီအစ်ကိုကြီး ကရေးယူးစစ်က ပြန်ပြောပါတယ်။

ဒီလိုနဲ့ပဲ နှစ်ယောက်သားဟာ အရှေ့မြောက်ဂျာမဏီ နိုင်ငံကနေ၊ ညီအကိုကြီး ဒင်ဒိုဖားကို မိသဿဟာရ ပြုဖို့ရန် ဟန်ဂေရီမှာ ရှိတဲ့ ဒီဘရီစင်မြို့ကိုရထားစီးပြီးခရီးနှင်လာခဲ့ကြပါတယ်။ ညီအစ်ကိုကြီး ဒင်ဒိုဖားကို မိသဿဟာရလာမပြုခဲ့ကြတာ ဒုတိယကမ္ဘာစစ်ကြီး မတိုင်ခင် ကတည်းကပါပဲ။ အခုလိုဘုရားမျက်နှာထောက်ပြီး မိသဿဟာပြုကြတဲ့အခါ၊ သူဟာဂမ်းသာမဆုံးဖြစ်ခဲ့ရပါတယ်။ အစကတော့ သူလက်ဆွဲမနှုတ်ဆက်ချင်ခဲ့ပါဘူး။ နောက်မှာ သူ့အိမ်ခန်းထဲကိုသွားပြီး နှစ်ပေါင်းများစွာစုဆောင်းထားခဲ့တဲ့ ဆယ်ဖို့တစ်ဖို့ကိုယူပြီး မိသဿဟာရလာပြုတဲ့ဆရာတို့ အပ်နှင်းခဲ့ပါတယ်။ ပြီးတော့ "အခုတော့ကျွန်တော် ဘုရားသခင်မှာခဲ့သည့် အတိုင်းပြုပြီ" လို့ပြောပါတယ်။ အခုတော့ ဘုရားသခင်ရဲ့အမှုဆောင်များကို လက်ဆွဲနှုတ်ဆက်လို့ရပြီလို့လည်းပြောပါတယ်။ နောက်မှာ ညီအကိုကြီး ကရေးယူးစစ်က၊ နှစ်ပေါင်းများစွာ အသင်းတော်နဲ့ အဆက်အသွယ်ပြတ်သွားသည့်တိုင် မိမိပေးဆောင်ရမယ့် ဆယ်ဖို့တစ်ဖို့ ကို မပျက်မကွက်လိုက်နာခဲ့တဲ့ ဤညီအကိုကြီးရဲ့ ပုံဥပမာကိုတွေ့ရတာ တကယ်ပဲစိတ်နလုံးတို့ထိခြင်းကို ခံခဲ့ရပါတယ်လို့ ပြောပါတယ်။ ဘယ်တော့ပေးခွင့်ရမယ်မှန်း မသိ၊ မပေးခင်မှာပဲ အသက်ဆုံးရှုံးသွားနိုင်သည်ကို သိထားလည်း၊ ဘုရားသခင်ရဲ့စကားကို နားထောင်ပြီး စုဆောင်းထားခဲ့တာဖြစ်ပါတယ်။

ညီအကိုကြီး ဝေါတာ ကရေးယူးစစ်ကတော့ လွန်ခဲ့တဲ့ကိုးနှစ်က အသက် ၉၄ နှစ်အရွယ်မှာ ဆုံးသွားပါတယ်။ သူ့အသက်တာတစ်လျှောက် သစ္စာရှိစွာနာခံခြင်းနှင့် သခင့်အစေကို ခံခဲ့ပြီး ကျွန်တော် အပါအဝင် သူ့ကိုသိတဲ့လူတိုင်းအတွက် တကယ့်ပုံသက်သေကောင်းလည်းဖြစ်ပါတယ်။ သူ့ကိုတာဝန် တစ်ခုခု ပေးတိုင်း၊ ဘယ်သောအခါမှ မေးခွန်းမထုတ်၊ ညည်းသွားခြင်းမရှိသည့်အပြင်၊ အကြောင်းပြချက်ပေးပြီး မရှောင်ခဲ့ပါဘူး။

ညီအကိုမောင်နှမများခင်ဗျား၊ ဒီဘဝရဲ့အကြီးမားဆုံးသောစမ်းသပ်ခြင်းဟာနာခံခြင်းဖြစ်တယ်။ "သူတို့၏ ဘုရားသခင်ထာဝရဘုရား မှာကြားသည့်အတိုင်းပြုမပြုကို ငါတို့စစ်ဆေးမည်" လို့ ကျမ်းစားထဲမှာ ပြောထားပါတယ်။ [၁၀]

"ငါ၏လက်တော်မှ ကောင်းကြီးမင်္ဂလာကို ခံစားလိုသောသူသည်၊ ထိုကောင်းကြီးနှင့် ဆိုင်သော ကမ္ဘာ မတည်မှီကရှိနှင့်သောပညတ်တော်များနှင့် အသက်တာကို လိုက်လျောက်ရမည်" လို့ ကယ်တင်ရှင်မှာ ကြားခဲ့ပါတယ်။ [၁၁]

ကယ်တင်ရှင်ပြသထားတဲ့ နာခံခြင်းအသက်တာလောက် ကောင်းမြတ်သောပုံဥပမာ မရှိပါ။ ပေါလုဆို ထားသည်မှာ၊

[၁၀]သားတော်ဖြစ်တော်လည်း နာကျင်ခံစားမှုဖြင့် နာခံခြင်းအသက်တာကို သင်ကြားခဲ့ရ၊

"ထာဝရပြည့်စုံသောသူဖြစ်လာကာ၊ သူ့ကိုနာခံသူများအတွက် ကယ်တင်သောအရှင်ဖြစ်လာ။" [၁၂] လို့ပြောထားပါတယ်။

ပြည့်စုံသောအသက်တာကို လိုက်လျောက်ခြင်းဖြင့်လည်းကောင်း၊ မိမိသာသနာကို အလေးထားခြင်းဖြင့်လည်းကောင်း၊ စစ်မှန်သော ဘုရားသခင်၏ ချစ်ချင်းမေတ္တာကို ကယ်တင်ရှင်ပြသခဲ့ပါတယ်။ တစ်ခါမှာအဆိုးမလုပ်ခဲ့ပါဘူး။ တစ်ခါမှ မာန်မာနမရှိခဲ့ပါဘူး။ တစ်ခါမှ သစ္စာမပျက်ခဲ့ပါဘူး။ အမြဲ နှိမ့်ချခဲ့ပါတယ်။ အမြဲနာခံခဲ့ပါတယ်။

မှသားရဲ့အဖ ကိုယ်တိုင် သွေးဆောင်ခဲ့သော်လည်း၊ ရက်ပေါင်း ၄၀ နှင့် ညပေါင်း၄၀ အစာရှောင်ခြင်းကြောင့် ကိုယ်ခန္ဓာအားနည်းစဉ် နတ်ဆိုးသွေးဆောင်ဖျားယောင်းခဲ့သော်လည်း၊ သမ္မာတရားမှ မလွဲပဲအဆိုးကို အောင်နိုင်ခြင်းဖြင့် မွန်မြတ်သော ပုံသက်သေကောင်းကို ကျွန်တော်အတွက်ပြသခဲ့ပါ တယ်။ [၁၃]

ဂေသရေမာန် ဥယျာဉ်မှာ "သွေးနှင့် ချွေးထွက်နာကျင်ဝေဒနာကို ခံစားရချိန်မှာ.." [၁၄] "အဘအလိုရှိလျှင် ဤခွက်ကို ကျွန်ုပ်ထံမှ ဖယ်ရှားတော်မူပါ၊ သို့သည်တိုင် ကျွန်ုပ်၏အလိုအတိုင်းမဟုတ်၊ ကိုယ်တော်၏ အလိုအတိုင်းဖြစ်ပါစေ" [၁၅] ဆိုပြီး နာခံခြင်းပြည့်တဲ့သား အဖြစ်ပုံသက်သေကို ပြသခဲ့ပါတယ်။

မိမိရဲ့တမန်တော်တွေကို ကယ်တင်ရှင်သွန်သင်ခဲ့သည့်အတိုင်း၊ သင်နှင့်ကျွန်ုပ်ကိုလည်း "လာ၍ငါ့နောက်သို့ လိုက်လော့" [၁၆] လို့ ကယ်တင်ရှင်သွန်သင်နေပါတယ်။ ကျွန်တော်တို့ နာခံမည်လော့။

ဘုရားသခင်ရဲ့ ပညတ်တော်များကို နာခံလိုက်လျောက်ပါက၊ ယနေ့လောကကြီးရဲ့ ခက်ခဲမှု ပြဿနာတွေကို ရင်ဆိုင်နိုင်ဖို့ရန်အတွက် ကျွန်ုပ်တို့အလိုချင်ဆုံးသော ခွန်အား၊ အတောင့်တဆုံးသော အသိညဏ်ပညာများကို ကျွန်တော်တို့ ရရှိပိုင်ဆိုင်နိုင်ပါတယ်။ သခင်ဘုရားရဲ့စကားကို အသစ်တဖန်ပြန် ပေဌချင်ပါတယ်။ "ဘုရားသခင်၏ပညတ်တော်ကို လိုက်လျောက်သောသူသည် သမ္မာတရားနှင့် အလင်းကို လည်းကောင်း ရကြ၍၊ အရာခပ်သိမ်းကို သိကျွမ်းခြင်း၊ နှင့် ချီးမြောက်တော်မူခြင်းကို ခံရကြ၏။" [၁၇]

နာခံသောသူများအတွက်ဘုရားသခင် ထားရှိတဲ့ဆုကျေးဇူးများနဲ့ကျွန်တော်တို့အသက်တာ ပြည့်စုံဖို့ရန် ကျွန်တော်ဆုတောင်းပါတယ်။ ကျွန်တော်တို့ရဲ့ ကယ်တင်သောအရှင်သခင် ယေရှုခရစ်တော်၏ နာမဥ္စ ပြောကြားပါတယ်။ အာမင်။

**မှတ်ချက်**

၁။ "မှန်သော အရာ မွတ်ဆိုလော့" ဓမ္မသီချင်း နံပါတ်၂၇၂

၂။ ယုံကြည်ခံယူချက် ကျမ်း ၉၃း၂၄၊ ၂၆-၂၈။

၃။ ၁ ဓမ္မရာဇဝင် ၁၅း၂၂

၄။ ယုံကြည်ခံယူချက် ကျမ်း ၆၄း၃၄

၅။ နီဖိုင်း ပထမ စာစောင် ၃း၇

၆။ ကမ္ဘာဦးကျမ်း ၂၂း၁၂

၇။ ကမ္ဘာဦးကျမ်း ၂၂း၁၈

၈။ ဂျိုးဇက် အက်ဖ်၊ စမစ် ( သွန်သင်ချက် ) Deseret News နိုဝင်ဘာလ၊ ၁၂၊ ၁၈၇၃၊ ၆၄၄။

၉။ ဝေါ်ဒွန်ဘီ ဟင်ကလီ၊ ( သင်သည် စိတ်နလုံးပါ၍ နာခံခဲ့လျှင် ) Ensign၊ ဒီဇင်ဘာလ၊ ၁၉၇၁၊ ၁၂၅။

၁၀။ အာဗြဟံ ၃း၂၅။

၁၁။ ယုံကြည်ခံယူချက် ကျမ်း ၁၃၂း၅။

၁၂။ ဟေဗြဲ ၅း၈-၉

၁၃။ မသဲ ၄း၁-၁၁ ကို ကြည့်ပါ။

၁၄။ ရှင်လုကာ ၂၂း၄၄။

၁၅။ ရှင်လုကာ ၂၂း၄၂။

၁၆။ ရှင်ယောဟန် ၂၁း ၂၂။

၁၇။ ယုံကြည်ခံယူချက် ကျမ်း ၉၃း၂၈။

# ကျွန်ုပ်တို့၏ကာလအတွက် သွန်သင်ချက်များ

လ၏ စတုတ္ထမြောက် တနင်္ဂနွေနေ့များတွင် မာလခိဇဒက် ယဇ်ပုရောဟိတ် နှင့် အမျိုးသမီးအသင်းများတွင် (ကျွန်ုပ်တို့၏ကာလအတွက် သွန်သင်ချက်များ) စာအုပ်မှ သင်ကြားရပါမည်။ သင်ခန်းစာတိုင်းကို နောက်ဆုံးပြုလုပ်သော အထွေအထွေညီလာခံ တွင် ဟောကြားသွားသော ဒေသနာ တစ်ခု (သို့) နှစ်ခုကို ကိုးကားပြီး သင်ကြားပို့ချနိုင်ပါသည်။ မည်သည့် ဒေသနာကို အသုံးပြုသင့်သည်ကို Stake (သို့) District ဥက္ကဋ္ဌများမှာ ရွေးချယ်ခြင်းသော်လည်းကောင်း၊ Bishop သို့ အသင်းခွဲ ဥက္ကဋ္ဌအားထိုသို့ ရွေးချယ်ရန် တာဝန်ပေးနိုင်ပါသည်။ ပုံတူဒေသနာကို မာလခိဇဒက်ယဇ်ပုရောဟိတ်အခွင့် သင်တန်း နှင့် အမျိုးသမီးသင်တန်း ၌ တစ်ချိန်တည်းတွင် ပို့ချခြင်းသည် ၎င်း သင်တန်းများ၏ အရေးကြီးပုံကို အထူးတလည် ဖေါ်ပြဖြင့်ခြင်းဖြစ်သည်။

စတုတ္ထမြောက် တနင်္ဂနွေနေ့သင်တန်းတက်ရောက်သော သူများသည်၊ နောက်ဆုံးပြုလုပ်သော၊ အထွေထွေညီလာခံပါဒေသနာများကို ထုတ်ဝေထားသောမဂ္ဂဇင်းကို ဖတ်ရှုလေ့လာပြီး သင်တန်း သို့ ယူဆောင်လာသင့်သည်။

**ဟောကြားသွားသော ဒေသနာများကို ကိုးကားပြီး သင်ခန်းစာပြင်ဆင်ရာတွင် လုပ်သင့်သော အရာများ**

ဒေသနာများကို လေ့လာရာ တွင် သန့်ရှင်းသောဝိညာဉ်တော်အတူပါရှိရန် ဆုတောင်းပါ။ သင်ခန်းစာအတွက်ပြင်ဆင်ရာတွင် အခြားစာစောင်များကို သုံးရန်သင့်တော်သကဲ့သို့ရှိသော်လည်း ညီလာခံပါဒေသနာများကိုသာ အသုံးပြုသင့်သည်။ နောက်ဆုံးပြုလုပ်သော အထွေထွေညီလာခံပါဒေသနာများကိုအသုံးပြု၍ သင်ကြားပို့ချရာတွင်၊ သင်၏အကြီးမားဆုံးတာဝန်မှာ အခြားသူများ ဧဝံဂေလိ တရားတော်ကို လိုက်လျောက်အသက်ရှင်ရန်အတွက်တိုင်သွန်းအားပေးရန်ဖြစ်သည်။

ဒေသနာများကို ထပ်မံတလဲလဲဖတ်ရှုပြီး အတန်းသားများ၏လိုအပ်ချက်များကို သင်ကြားနိုင်ရန်အတွက် ဒေသနာပါ ပညတ်တော်များ၊ ဆုံးမဩဝါဒများကို မှတ်သားထားပါ။ ဤသမ္မာတရားကို သွန်သင်ရာတွင် အထောက်အကူပြုမည့် ဒေသနာပါ ပုံပြင်များ၊ ကျမ်းကိုးကားချက်များနှင့် အဆိုများကို လည်းမှတ်သားထား ပါ။


ပညတ်တော်များနှင့် ဆုံးမဩဝါဒများကို မည်သို့ပို့ချမည်ကို ကြိုတင်ပြင်ဆင်ပါ။ အတန်းသားများကို အထောက်အကူဖြစ်စေမည့် မေးခွန်းများကို လည်း ထည့်သွင်းစဉ်းစားရမည်။

- ဒေသနာများပါ ပညတ်တော်များနှင့် ဆုံးမဩဝါဒများကို ရှာဖွေပါ။
- ၎င်းတို့၏ အဆိုအဓိပ္ပါယ်များကို စဉ်းစားကြည့်ပါ။
- မိမိနားလည်မှု၊ အတွေးအခေါ်၊ အတွေ့အကြုံနှင့် သက်သေခံချက်များကို ဝေငှပါ။
- ဤပညတ်တော်များ နှင့် ဆုံးမဩဝါဒများကို သူတို့အသက်တာနှင့် နိုင်းယှဉ်ဖေါ်ပြပါ။

| လစဉ် သင်ခန်းစာများ သွန်သင်ထားသည် | စတုတ္ထမြောက် တနင်္ဂနွေနေ့တွင် သင်ကြားရမည့် စာစောင်များ |
|---|---|
| ဧပြီလ ၂၀၁၃-အောက်တိုဘာလ ၂၀၁၃ | ဧပြီလတွင် ကျင်းပသော အထွေထွေညီလာခံ၌ ဝေငှထားသော ဒေသနာများ * |
| အောက်တိုဘာ ၂၀၁၃-ဧပြီလ ၂၀၁၄ | အောက်တိုဘာ၂၀၁၃၊ အထွေထွေညီလာခံ ပါ ဒေသနာများ * |

** ဧပြီ နှင့် အောက်တိုဘာလ များ၏ စတုတ္ထမြောက်တနင်္ဂနွေနေ့အတွက်သင်ခန်းစားများကို နောက်ဆုံးပြုလုပ် သော ညီလာခံ၏ ဒေသနာများကို conference.lds.org. မှကောက်နှုတ်ယူပါ။ ဒေသနာများကို ဘာသာစကား ပေါင်းများစွာဖြင့် ရယူနိုင်ပါသည်။*

© Intellectual Reserve, Inc အားဖြင့်၂၀၁၃ ခုနှစ်တွင် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/12။ ဘာသာပြန်ခွင့်ပြုချက် 6/12။ *First Presidency Message, May 2013 အားဘာသာပြန်ဆိုခြင်း*၊ Burmese 10665 256



**ဟောကြားသူ၊ ဥတ္တဋ္ဌကြီး ဟင်နရီ ဘီ အိုင်းရင်း**
ပထမဥက္ကဋ္ဌ အဖွဲ့၏ ပထမအတိုင်ပင်ခံ

# "ငါ့ထံသို့လာလော့"

*ပုံသက်သေပြ၍သော်လည်းကောင်း၊ နှုတ်ထွက်တော်အားဖြင့်လည်းကောင်း ခရစ်တော်အား မည်ကဲ့သို့ချဉ်းကပ်ရမည်ကို ကိုယ်တော်ကိုယ်တိုင်သွန်သင်ထားပါတယ်။*

ယနေ့ ဤနေရာမှာ ယေရှုခရစ်တော်၏ နောက်ပိုင်းကာလ သန့်ရှင်းသူများအသင်းတော်ရဲ့ ညီလာခံကြီးမှာ၊ သင်နဲ့အတူရှိခွင့်ရတာအလွန် ဂုဏ်ယူသာမိပါတယ်။ ဤအသင်းတော်ဟာ သူ့ရဲ့အသင်းတော် ဖြစ်တယ်။ သူ့ရဲ့နိုင်ငံတော်ကို ဖင်တဲ့အခါ ကိုယ်တော့်ရဲ့ အမည်နာမကို ကျွန်တော်တို့ ခံယူပါတယ်။ သူဟာ ဘုရားသခင်၊ ဖန်ဆင်းရှင် နဲ့ ပြည့်စုံသောအရှင်ဖြစ်တယ်။ ကျွန်တော်တို့ဟာ သေမျိုးဖြစ်ပြီး၊ သေချင်းတရားနဲ့ အပြစ်တရားကို ရင်ဆိုင်ရသောသူတွေဖြစ်တယ်။ သို့တိုင်အောင်၊ ကျွန်တော်တို့ကို ချစ်သောကြောင့်၊ သူ့ထံကို လာရန် ကိုယ်တော်ဖိတ်ခေါ်နေပါတယ်။ "ငါ့ကိုချဉ်းကပ်လျှင် ငါသည်အနီး၌ရှိ၍၊ ငါ့ကိုရှာသောသူသည်၊ ငါ့ကိုတွေ့မည်။ တောင်းလျှင်တောင်းသည့်အတိုင်းရမည်။ တံခါးကို ခေါက်လျှင်ဖွင့်ပေးမည်" လို့ မိန့်မှာထားပါတယ်။ [၁]

ဤထမြောက်ရာကာလမှာ သခင့်ကိုချစ်မြတ်နိုးရခြင်းနဲ့၊ သူ့နောက်ကို သစ္စာရှိစွာလိုက်လျှောက်တဲ့တပည့်တော်တွေအတွက် ကိုယ်တော်ထားရှိတဲ့၊ သူနဲ့ မိတ်ဆွေဖြစ်ရသောအခွင့်ဂတိတွေ ကိုပြန်လည်အောက်မေ့သတိရမိပါတယ်။ ဒီဂတိတော်ကို ကယ်တင်ရှင်ပြုထားပြီး၊ သူ့အစေကို ခံခြင်းဖြင့် သူဟာကျွန်တော်တို့အနီးအနားမှာ ရှိတယ်ဆိုတာကို သွန်သင်ထားပါတယ်။ ဥပမာတစ်ခုကတော့၊ ပုရောဖက် ဂျိုးဇက်စမစ်နဲ့ အတူ မော်မွန်ကျမ်းကိုဘာသာပြန်ခြင်းဖြင့် သခင့်အစေကို ခံခဲ့တဲ့ အော်လီဗာကောင်ဒရီကို ဘုရားက ဗျာဒိတ်ပေးထားတဲ့အရာတစ်ခုပါ။ "ကြည့်လော့၊ အသင် အော်လီဗာ၊ သင်တောင်းတ သဖြင့်သင့်ကို ငါစကားပြောပြီ၊ သို့ဖြစ်၍ ဤစကားတော်ကို နှလုံးသွင်းမှတ်သားလော့။ ဘုရားသခင်၏ ပညတ်တော်များကို လိုက်လျှောက်ရာ၌ ကြိုးစားအားထုတ်၍ သစ္စာစောင့်သိလော့၊ ထိုသို့ပြုလျှင် ငါ၏မေတ္တာလက်ဖြင့် သင့်ကို စောင်မမည်။" [၂]

များသောအားဖြင့်၊ ပညတ်ချက်များကို လိုက်လျှောက်တိုင်း ကယ်တင်ရှင်ကို ချဉ်းကပ်ခြင်းနဲ့၊ ကယ်တင်ရှင်ထံမှ လာသော ပျော်ရွှင်မှုကို ကျွန်တော်ခံစားခဲ့ရပါတယ်။

သင့်မှာလည်း ဤကဲ့သို့သော အတွေ့အကြုံမျိုးရှိခဲ့ဖူးပါတယ်။ ပွဲတော်မင်္ဂလာအစီအစဉ်ကို တက်တဲ့အခါလည်းဖြစ်နိုင်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ ကျွန်တော်ငယ်ငယ်တုန်းက ဘုရားကျောင်းတက်ချိန်မှာ ခံစားခဲ့မိပါတယ်။ အဲဒီတုန်းကဆို၊ ပွဲတော်မင်္ဂလာကို ညနေခင်းမှာ သုံးဆောင်လေ့ရှိပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၅ နှစ် တုန်းကကြုံခဲ့တဲ့ အတွေ့အကြုံ၊ မိသားစုအပါအဝင်၊ အသင်းသူအသင်းသားများနဲ့အတူ ဘုရားကျောင်းတက်ခြင်းဖြင့် ဥပုဒ်စောင့်ခြင်းကြောင့် ခံစားခဲ့ရတဲ့ ကယ်တင်ရှင်နဲ့နီးရသောအခွင့်ကို ယခုချိန်ထိ သတိရဆဲပါပဲ။

အဲဒီချိန်မှာ အပြင်ဘက်မှာတော့ မှောင်မဲပြီးအလွန်အေးပါတယ်။ အဲဒီညနေခင်းမှာ ကျွန်တော့် မိဘတွေနဲ့အတူ ဘုရားကျောင်းထဲမှာ မီးလင်းထိန်ပြီး၊ နွေးနွေးထွေးထွေးဖြစ်နေတာကိုလည်းကျွန်တော်မှတ်မိပါသေးတယ်။ အာရုန်ယဇ်ပုရောဟိတ်အခွင့် ကိုင်ဆောင်ထားသူများမှ ဝေငှတဲ့ပွဲတော်မင်္ဂလာကိုသုံးဆောင်ပြီး၊ ကောင်းကင်ဘုံရှင်အဘဘုရားရဲ့ သားတော်နဲ့ သူ့ရဲ့ ပညတ်တော်တွေကို အောက်မေ့ သတိရခဲ့ကြပါတယ်။

အစီအစဉ် အဆုံးမှာတော့ "ကျွန်ုပ်နှင့်အတူ ရှိတော်မူပါ" ဆိုတဲ့ ဓမ္မတေး ပါစာသား "အိုကယ်တင်ရှင် ဒီညကျွန်ုပ်နှင့် အတူရှိတော်မူပါ" ဟုပြောကြားပြီး သီဆို အဆုံးသတ်ခဲ့ပါတယ်။ [၃]

ထိုညနေမှာတော့ တကယ်ပဲ ကယ်တင်ရှင်နဲ့ နီးစပ်ပြီး သူ့မေတ္တာကို ခံစားခဲ့ရပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ နှစ်သိမ့်မှုကိုလည်း ခံစားခဲ့ ရပါတယ်။

အဲဒီလို ငယ်စဉ်အခါက ပွဲတော်မင်္ဂလာ အစီအစဉ်မှာ ခံစားခဲ့တဲ့ ကယ်တင်ရှင်ရဲ့ နီးစပ်မှုနဲ့ ချစ်ခြင်းမေတ္တာကို ကျွန်တော် ထပ်မံခံစားလိုခဲ့ပါတယ်။ ဒါကြောင့် မကြာသေးခင်ကပဲ ပညတ်တော်တစ်ပါးကို ကျမ်းစာလေ့လာခြင်းအားဖြင့် ထပ်မံ လိုက်လျှောက်ခဲ့ပါတယ်။ အဲဒီလိုအားဖြင့်၊ ရှင်ပြန်ထမြောက်တော်မူသော သခင်ရဲ့နောက်လိုက်နှစ်ဦးကနေ သခင့်ကို သူတို့နဲ့အတူ တည်းရန် ဖိတ်ခေါ်တဲ့အခါမှာခံစားခဲ့ရတဲ့အတွေ့အကြုံကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်တော် တွေ့ကြုံ ခံစားခွင့်ရခဲ့ပါတယ်။

ကျမ်းစာပါ လက်ဂါးကပ်တိုင်မှာ အသတ်ခံပြီး နောက်သုံးရက်မြောက်တဲ့နေ့မှာ ဖြစ်ပျက်တဲ့အကြောင်းကို လည်းကျွန်တော်ဖတ်ရှုခဲ့ပါတယ်။ သစ္စာနဲ့ပြည့်စုံတဲ့ အမျိုးသမီးတစ်ချို့ နဲ့ အခြားလူတစ်ချို့ဟာ သခင့်ရဲ့ သချိုင်းတံခါးပွင့်နေတာကိုတွေ့ပြီး၊ သခင့်ရုပ်လောင်းတော် ပျောက်ဆုံးနေတာကို တွေ့မြင်ခဲ့ကြတယ်။ သူတို့တွေက အမှန်တော့ သွင့်ကိုချစ်လို့ ရုပ်လောင်းတော်ကို ဆီလိမ်း ဖို့ရန်လာကြခြင်းဖြစ်တယ်။

ကောင်းကင်တမန် နှစ်ပါးရောက်ရှိလာပြီးတော့ ဘာကြောင့်တုန်လှုပ်ရသလဲဆိုပြီးမေးပါတယ်။

"အသက်ရှင်သောသူကို အဘယ်ကြောင့် သေသူရှိရာ၌ ရှာကြသနည်း။"

"သူ ဤအရပ်၌မရှိ၊ ရှင်ပြန်ထမြောက်တော်မူပြီ၊ သူသည် သင်တို့နှင့် ဂါလိလဲ၌ရှိ စဉ်ခါ ပြောသောအရာများကို အောင့်မေ့ကြလော့။"

"ငါအမှန်အကန်ဆိုသည်ကား၊ သားတော်သည် ဒုစရိုက်ပြုသူများလက်သို့အပ်နှံခြင်းကိုခံရမည်၊ ထို့နောက် ကားတိုင်ပေါ်တွင် အသေသတ်ခြင်းကိုခံရပြီး၊ သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်တော်မူမည်။" [၄]

ရှင်မာကု ထဲမှာ အခြားသော တမန်တော်တစ်ပါးပြောဆို တဲ့အရာတစ်ချို့ကို တွေ့ရပါတယ်။ "သွားလော့၊ သူ၏တပည့်တော်တို့နှင့် ပေတရုထံ၌ ကိုယ်တော်သည်သင်တို့ရှေ့တွင် ဂါလိလဲကို ရောက်နှင့်ပြီ၊ ထိုအရပ်၌ကိုယ်တော့်ကို တွေ့ရကြမည်၊ ကိုယ်တော်မိန့်မှာခဲ့သည့်အတိုင်းပင်။" [၅]

တမန်တော်များနဲ့ တပည့်တော်တို့လည်း ဂျေရုရှလင်မြို့မှာ စုဝေးခဲ့ကြပါတယ်။ သူတို့လည်း ကျွန်တော်တို့ကဲ့သို့ဖြစ်မှာပဲ၊ ကယ်တင်

ရှင်ခြင်းအသတ်ခံရခြင်း နဲ့ ရှင်ပြန်ထမြောက်ခြင်း ဟာ သူတို့ အတွက် ဘယ်လောက်အရေးကြီး တယ်ဆိုတာကို ပြောဆိုနေကြရင်း သူတို့ ဟာ အလွန်ပင်ထိတ်လန့် နေခဲ့ကြပါတယ်။

အဲဒီညနေခင်းမှာ တပည့်တော်နှစ်ပါးဟာ ဂျေရုရှလင် ကနေ အဲမအားစ် ကို ခြေလျင်ခရီး နှင်ခဲ့ပါတယ်။ ရှင်ပြန်ထမြောက်ပြီးဖြစ်တဲ့ ခရစ်တော်လည်း သူတို့ နဲ့အတူခရီးလျှောက်ခဲ့ပါတယ်။ သခင်ကိုယ်တိုင် သူတို့ထံကိုလာရခြင်း ဖြစ်တယ်။

ရှုလုကာထဲမှာ ဒီအကြောင်းကို ထပ်မံရှင်းပြထားပါတယ်။

"ငါတဖန်ဆိုသည်ကား၊ သူတို့နှစ်ဦး အတူ စကားပြောနေစဉ်၊ ယေရှုကိုယ်တော်တိုင် သူတို့ကို ချဉ်းကပ်၍ သူတို့နှင့် အတူ ခရီးနှင်ခဲ့လေသည်။"

"သို့သော်၊ သူတို့၏ဂိညာဉ်မျက်စိ မပွင့်သောကြောင့် ယေရှုအားမသိခဲ့ပေ။"

"ထို့နောက် ယေရှုမိန့်ခဲ့သည်မှာ၊ သင်တို့သည် ခရီးအတူနှင်၍ ဂမ်းနည်းရသောအကြောင်းရင်းက အဘယ်နည်း။"

"ထို့နောက်တွင် တပည့်တော်တစ်ဦးက၊ သင်သည် ဂျေရုရှလင်မြို့၌ လူစိမ်းဖြစ်သလော၊ ဤနေ့တွင် ဂျေရုရှလင် မြို့၌ဖြစ်ပျက်သော အကြောင်းအရာများကို သင်မသိသလော့။" ၆

ဒါနဲ့သူတို့လည်း၊ ဣသရေလလူမျိုးများရဲ့ ကယ်တင်ရှင်အဖြစ်ယုံကြည်ထားသော ယေရှု အသတ်ခံရ ခြင်းကြောင့် ဂမ်းနည်းရပါကြောင်း ပြောလေပါတယ်။

ကယ်တယ်ရှင် ဤတပည့်တော်နှစ်ပါးကို ဂရုဏာသက်ပြီး စကားပြောမှာ အသေချာပါပဲ။

"ကိုယ်တော်ပြောသည်ကား၊ ငမိုက်သား၊ သင်တို့ သည် ပုရောဖက်များပြောခဲ့သည်ကို အဘယ်ကြောင့် မယုံကြည်ရသနည်း။"

"ထာဂရချီးမြောက်ခြင်းကိုစံစားရန် ဤအရာ အလုံးစုံကို ခရစ်တော်ခံစားရမည်မဟုတ်လော့။"

"မောရှေမစ၍ ပုရောဖက်များအားလုံး ဟောခဲ့သော ယေရှုအကြောင်းကို သခင်ကိုယ်တိုင် သူတို့အား ရှင်းပြလေသည်။" ၇

အဲဒါနဲ့ပဲ ချက်ချင်းဆိုသလို ငယ်စဉ်က ကျွန်တော့်ရဲ့နှလုံးသားကို နွေးထွေးမှုပေးတဲ့ အတွေ့ အကြုံ ပြန်ဂင်လာပါတယ်။

"သူတို့သည် ရွာနှင့်အနီးသို့ရောက်ရှိလာလေသည်၊ ထိုနောက် သခင် ဆက်လက်ခရီးနှင်ရန်ပြင်ဆင်ခဲ့သည်။"

"သို့သော် တပည့်တော်နှစ်ပါးက၊ ကျွန်ုပ်တို့နှင့် တည်းတော်မူပါ၊ တစ်နေ့တာလည်းကုန်ဆုံးတော့မည်။ ထို့နောက် သူတို့နှင့် အတူရှိရန် သခင်ရှိတော်မူ၏" ၈

ထိုညမှာ၊ အဲမအားစ် နဲ့အနီး ရွာတစ်ခုမှာ တည်းဖို့ တပည့်တော်နှစ်ပါးရဲ့ ဖိတ်ကြားခြင်းကို ကယ်တင်ရှင် လက်ခံခဲ့ပါတယ်။

သူတို့နဲ့အတူ ညစာစားခဲ့တယ်။ မုန့်ကိုယူပြီး၊ ကောင်းကြီးပေးကာ သူတို့ကို ပေးခဲ့တယ်။ ထို့နောက်မှာ သူတို့ရဲ့ မျက်လုံးပွင့်ကာ ကိုယ်တော်မှန်းသိခဲ့ကြတယ်။ အဲဒီအခါမှာသခင်လည်း သူတို့မျက်မှောက်မှ ပျောက်ကွယ်သွားပါတယ်။ ရှင်လုကာထဲမှာ တပည့်တော်တို့ရဲ့ ခံစားချက်ကို ထည့်သွင်းဖေါ်ပြထားပါတယ်။ "ထို့နောက် သူတို့ တစ်ဦးကိုတစ်ဦး ကိုယ်တော် ကျွန်ုပ်တို့နှင့်အတူ လျှောက်နေစဉ်၊ ကျွန်ုပ်တို့အား ကျမ်းစားပါအရာများကို ဖွင့်ပြချိန် တွင်၊ ငါတို့၏ နှလုံးသားများ လောင်းကျွမ်းခြင်း ရှိကြသည် မဟုတ်ပါလော့။" လို့ဆိုကြပါတယ်။ ၉

ထိုအချိန်မှာပဲ တပည့်တော်နှစ်ပါးလည်း တမန်တော်တစ်ဆယ့်တစ်ပါးရှိရာ၊ ဂျေရုရှလင် မြို့ကို အပြေး နှင်ကာ ဖြစ်ပျက်ခဲ့သမျှကို ပြန်ပြောပါတယ်။ အဲဒီမှာပဲ ကယ်တင်ရှင်တဖန် ပြန်ပေါ်လာပါတယ်။

အဲဒီမှာ ပုရောဖက်များဟောကြားထားတဲ့ အတိုင်း၊ သူ့ရဲ့ သာသနာဖြစ်တဲ့ ခမည်းတော် ဘုရားရဲ့ သားသမီးများကို အပြစ်မှ ကယ်တင်ရန် နှင့် သေမင်းကိုအောင်နိုင်ရန်လာရခြင်းကို ထပ်မံရှင်းပြပါတယ်။

"ထို့နောက်တွင်၊ ခရစ်တော်သည် အပြစ်အတွက် အသေခံပြီး သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်တော်မူမည် ဟု ရေးသားထားသည်၊ ဟုမိန့်မှာခဲ့သည်။"

"ထို့နောက်တွင် နောင်တရခြင်း၊ အပြစ်ဖြေလွှတ်ခြင်းအကြောင်းတရားကို ဂျေရုရှလင်မှ စ၍ လူမျိုးအားလုံးထံတွင် သူ၏နာမ၌ ဟောကြားရန် မှာကြားခဲ့ပါသည်။"

"သင်တို့သည် ဤတရားတော်၏ သက်သေများဖြစ်ကြသည်" ၁၀

ကယ်တင်ရှင်ရဲ့စကားဟာ ထိုအချိန်က တပည့်တော်များအတွက်မှန်ကန်သလို၊ ယနေ့ ကျွန်တော်တို့အ တွက်လည်းမှန်ကန်ပါတယ်။ ကျွန်တော်တို့ဟာ ဒီအကြောင်းအရာများရဲ့ သက်သေများဖြစ်ကြပါတယ်။ ယေရှုခရစ်တော်၏ နောက်ပိုင်းကာလသန့်ရှင်းသူများ အသင်းတော်၌ နှစ်ခြင်းခံပြီး ဂင်လာတဲ့အခါ၊ ကျွန်တော်တို့ရဲ့ မွန်မြတ်တဲ့တာဂန်ဟာဘာလဲဆိုတာကို၊ ပုရောဖက် အယ်မာက ရာစုနှစ်များစွာတုန်းက မာမွန် ချောင်းအနီးမှာ ဟောခဲ့ပါတယ်။

"တဖန်ငါဆိုသည်ကား၊ ကြည့်လော့၊ ဤအရပ်၌ မာမွန်ချောင်း (ထိုခေတ်က အခေါ်) ရှိသည်၊ ဘုရားသခင်၏သိုးခြံသို့ဂင်ပြီး၊ သူ၏လူမျိုးအဖြစ်ခံယူကာ၊ အခြားသူများ၏ ဂန်ထုပ်ကို ထမ်းဆောင်လိုလျက်၊

"ငိုကြွေးသူများနှင့်အတူ ငိုကြွေးခြင်း၊ သိမ်ငယ်သူတို့ကို နှစ်သိမ့်ခြင်းပြုကာ၊ သက်ဆုံးတိုင် အောင် အချိန်တိုင်း၊ နေရာတိုင်းနှင့် ခပ်သိမ်းသောအရာတိုင်း၌ ဘုရားသခင်သက်သေ အဖြစ် ရပ်တည်ပြီး၊ ထာဂရ အသက်ရရန် ကနဦးရှင်ပြန် ထမြောက်ခြင်းကို ခံလိုသလော့ —

"ငါအမှန်အကန် ဆိုသည်ကား၊ ဤအရာများကို တကယ်ပင် နှစ်သက်ပါက၊ သခင်၏နာမ၌ နှစ်ခြင်းမင်္ဂလာကို ခံယူ၍၊ သူနှင့်အသူ ဂတိပြုကာ၊ သူ၏အလိုကိုဆောင်၍ သူ၏ပညတ်ကို ထိမ်းသိမ်း စောင့်ရှောက်ခြင်းဖြင့် သန့်ရှင်းသော ဂိညာဉ်တော် သွန်းလောင်းမှုကို ခံယူရန် အဘယ့်ကြောင့် သင် မပြုဆောင်အံ့နည်း။"

"ဤအရာများကို လူထုကြားသောအခါ၊ ဂမ်းမြောက်ဂမ်းသာ လက်ခုပ်တီး၍ 'ဤအရာ များကို လိုချင်ပါ၏' ဟုဆိုကာကြွေးကြော်ကြလေသည်။" ၁၁

ကျွန်တော်တို့မှာလည်း သက်ဆုံးတိုင်အောင် ကယ်တင်ရှင်ရဲ့ သက်သေများအဖြစ် အသက်ရှင်ဖို့နဲ့ သူတစ်ပါးကိုကူညီဖို့ တာဂန်ရှိပါတယ်။

ကယ်တင်ရှင်ရဲ့ ချစ်ခြင်းမေတ္တာကို ခံစားပြီး၊ သခင့်ကို တကယ်ချစ်မှသာ ဒီအရာအားလုံးကို အောင်မြင်စွာ ကျွန်တော်တို့ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်ပေးထားတဲ့ဂတိကို ထိန်းသိမ်းထာမယ်ဆိုရင်၊ ကိုယ်တော်ရှင်ကို ချစ်တတ်လာမှာ ဖြစ်ပါတယ်။ ဒီမေတ္တာဟာ၊ သူ့ရဲ့အစေကို ခံတာကြာလာတဲ့နဲ့အမျှ သာ၍တိုးလာမှာ ဖြစ်ပါတယ်။

သစ္စာရှိတဲ့ ငယ်သားကောင်းများအတွက် ထားရှိတဲ့ဂတိတရားတွေကို ဥက္ကဋ္ဌ သောမစ် အက်စ် မွန်ဆွန် မှ ကျွန်တော်တို့ကို အမြဲသတိပေးထားပါတယ်။ "အကြင်သူသည် သင့်ကို လက်ခံလျှင်၊ ငါသည်လည်း ထိုအရပ်၌ ရှိမည်၊ ငါသည် သင်၏ လက်ဂဲ နှင့် လက်ယာဘက်၌ ရှိမည်၊ ငါ့ဂိညာဉ်သည် သင်၏နှလုံး၌ နေ၍ ငါ၏ ကောင်းကင်တမန်များသည် သင့်ကိုကယ်မ တော်မူမည်။" ၁၂

ကိုယ်တော်ရဲ့ နီးကပ်မှုကို သင်နဲ့ကျွန်ုပ် အခြားတစ်နည်းအားဖြင့်လည်း ခံစားခဲ့ဘူးပါတယ်။ သူ့အစေကို သစ္စာရှိစွာ ထမ်းဆောင်တဲ့အခါ၊ ကျွန်တော်တို့ရဲ့ မိသားစုနဲ့ အတူသခင်ပါရှိပါတယ်။ ကျွန်တော့်ကိုမိသားစုနဲ့ ဂေးရာအရပ်မှာ သခင့်ရဲ့ အစေကိုခံဖို့တာဂန်ပေးတိုင်း၊ ကျွန်တော်ရဲ့ ဇနီး နဲ့ သားသမီးတွေ ကောင်းကြီး ခံစားရတာကို ကျွန်တော်ကြုံတွေ့ခဲ့ရပါတယ်။ သူ့ရဲ့ အစေခံတွေကို ကိုယ်တော်ပြင်ဆင်ပြီး၊ သူတို့ရဲ့ မိသားစုများကိုလည်း သူနဲ့နီးလာအောင် လမ်းဖွင့်ပေးပါတယ်။

အဲဒီလိုကောင်းကြီးမျိုးကို သင်ကိုယ်တိုင် ခံစားခဲ့ပါတယ်။ လူတော်တော်များမှာ ထာဂရ အသက်နဲ့ဂေးရာ ကို ရောက်နေတဲ့ ကိုယ်ချစ်ရတဲ့သူတွေရှိပါတယ်။ သူတို့ကို ဘယ်လိုလုပ်ရင် ပြန်လည်ခွန်အားပေးနိုင် မလဲဆိုတာကိုလည်း အခက်တွေ့ရင်ဆိုင်ခဲ့ဖူးကြမှာပါ။ သခင့်အစေကို သစ္စာရှိစွာလိုက်လျှောက်နေသရွေ့ ကိုယ်ချစ်

ရတဲ့သူများ ဘုရားသခင်နဲ့ ပိုမိုနီးစပ်လာဖို့ရန် ကိုယ်တော်ကိုယ်တိုင် တာဝန်ယူပါလိမ့်မယ်။

သခင့်ရဲ့အမှုကို ဆောင်ပြီး အဝေးကို သွားခဲ့ရတဲ့ ဂျိုးဇက်စမစ် နဲ့ ဆက်နီ ရစ်ဒွန် တို့အပေါ် ထားခဲ့တဲ့ ကိုယ်တော်ရဲ့ ဂတိတော်တွေကို သတိရပါ။ "မိတ်ဆွေ ဆက်နီ နဲ့ ဂျိုးဇက်၊ သင်တို့၏ မိသားစုများသည် ကောင်းပေသည်၊ သူတို့သည် ငါ၏လက်တော်၌ရှိသည်၊ ငါ၏အလိုတိုင်းသူတို့အပေါ် ငါ ပြုမည်၊ အကြောင်းမူကား ငါ၌တန်ခိုး အလုံးစုံရှိပေ၏။" [၁၃]

အယ်မာ နဲ့ ဘုရင်မိုစိုင်းရားကဲ့သို့ပဲ၊ တစ်ချို့ သူတွေမှာ ဘုရားအမှုဆောင်တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်တာတောင်၊ သူတို့ရဲ့ သားသမီး တစ်ချို့ သမ္မာတရားလမ်းမှ သွေဖယ်နေသေးတာကို တွေ့ရတတ်ပါတယ်။ မိမိတို့တတ်နိုင်သမျှနှင့် မိတ်ဆွေသဟာများရဲ့ အကူအညီများ ပေါင်းစပ်ကြိုးစားသွန်သင်တာတောင် ဆိုးနေသေး တာမျိုးရှိတတ်ပါတယ်။

အယ်မာ နဲ့ အဲဒီတုန်းက သူတော်စင်များဟာ အယ်မာနဲ့ ဘုရင်မိုစိုင်းရားရဲ့ သားများအတွက်ဆုတောင်းပေးခဲ့ကြပါတယ်။ ကောင်းကင်တမန်တစ်ပါးလာရောက်ပြီး ကူညီတာကို တွေ့ရပါတယ်။ သင်နဲ့ ယုံကြည်သူများရဲ့ ဆုတောင်းမှုကြောင့် ဘုရားအမှုဆောင်များရဲ့ မိသားစုကို ကူညီကောင်းကြီးပေးဖို့ရန် ဘုရားသခင်တာဝန်ယူပါတယ်။ ဘုရားသခင်ရဲ့ အစေခံများက သင့်မိသားစုကို လမ်းမှန်ရောက်အောင် ကူညီပေးပါမယ်။ စာတန်နဲ့နောက်လိုက်တွေက မိသားစုကိုကွဲပြားအောင်ကြိုးစားပေမယ့်၊ ဘုရားအမှုဆောင်တွေအတွက်တော့ ဘုရားသခင် ကူညီပါမယ်။

အယ်မာနဲ့မိုစိုင်းရားရဲ့သားတွေ ကောင်းကင်တမန်ဆုံးမသွားတဲ့စကားကို သတိရပါ။ "တဖန် ကောင်းကင်တမန်ဆိုသည်ကား၊ ကြည့်လော့၊ သူ၏လူများ၏ဆုတောင်းသံကို သခင်ကြားတော်မူပြီ၊ သင်၏ဖခင် သခင့်အမှုဆောင် အယ်မာ၏ ဆုတောင်းချက်ကိုလည်းကြားပြီ၊ အကြောင်းမူကား သင်တို့အား သမ္မတရားလမ်းမှန်သို့ ပြန်လည်ပို့ဆောင်ရန် ယုံကြည်ခြင်းအားကြီးစွာ သူ ဆုတောင်းခဲ့ပြီ၊ သို့ဖြစ်၍ ယုံကြည်ခြင်းအားကြီးသော သခင့်အစေခံများ၏ဆုတောင်းခြင်းကို အဖြေပေးရန်၊ ဘုရားသခင်သည် တန်ခိုးနှင့် ပြည့်စုံ၍ အာဏာတည်ကြောင်းကို ပြသရန် ငါကြွဆင်းလာပြီ။" [၁၄]

သခင့်အမှုကို ထမ်းဆောင်ပြီး၊ သခင့်ထံ ဆုတောင်းနေကြတဲ့အယောက်တိုင်းအား သင်တို့ လိုချင်တောင့်တသမျှအရာအာလုံးကို ဘုရားသခင်မလွဲမသွေပေးမယ်လို့ ကျွန်တော် ဂတိမပြုနိုင်ပါဘူး။ သို့သော်၊ သင်နဲ့သင့်မိသားစုအတွက် အကောင်းဆုံးသောအရာကို ကယ်တင်ရှင် ပြင်ဆင်ပေး မယ်ဆိုတာကိုတော့ ကျွန်တော် ဂတိပြုပါတယ်။ သခင့်ရဲ့အမှုကိုဆောင်၍ သူတပါးကို ကူညီမစတာနဲ့အမျှ၊ သူ့မေတ္တာကိုခံစားပြီး၊ သူနဲ့ အတူပါရှိကြောင်းကို သင်ကြုံတွေ့ခံစားရပါမယ်။ သူတစ်ပါးရဲ့ နာကျင်ဒဏ်ရာများကို ကုသပြီး၊ အပြစ်ထဲနစ်နေသူများအတွက် သူ့ရဲ့ပေးဆပ်ခြင်းကိုဝေငှပေးမယ်ဆိုရင်၊ သွင်ဘုရားရဲ့ တန်းခိုးဟာ သင်နဲ့အတူ ပါရှိပါလိမ့်မယ်။ သင်မိသားစုအပါအဝင်၊ ဘုရားသခင်ရဲ့ သားသမီးတိုင်းကို ကူညီမစဖို့ရန်ကိုယ်တော့်ရဲ့လက်တော်ဟာ သင်နဲ့ အတူ ပါရှိပါလိမ့်မယ်။

ကျွန်တော်တို့ကို ခမ်းနားတဲ့ အိမ်အပြန်ခရီး ကစောင့်နေပါတယ်။ အဲဒီအခါမှာ၊ ကျွန်တော်တို့ မြတ်နိုးရှိသေခဲ့တဲ့ ဂတိတော်တွေပြည့်စုံတာကို မြင်တွေ့ရပါလိမ့်မယ်။ ကောင်းကင်ဘုံရှင်အဘ၊ ယေရှုခရစ်တော် နဲ့ အတူ ထာဝရအသက်စံစားဖို့ သူကိုယ်တိုင်ကျွန်တော်တို့ကို ဖိတ်ခေါ်ပါတယ်။ ယေရှုက..

"ငါ၏ဖိအုန်ကို တည်ဆောက်ရန် ဦးစွာရှာလော့။ အရာခပ်သိမ်း၌ ငါ၏ပညတ်တော်များကို စောင့်ရှောက်လော့။"

"ငါ၏ပညတ်ကို စောင့်ရှောက်၍ အဆုံးတိုင် တည်ကြည်လျှင် ဘုရားသခင်ပေးသောဆုများထဲမှ အကြီးမားဆုံးဆုဖြစ်သော ထာဝရအသက်ကို ရလတ္တံ့။" [၁၅]

"အသက်ရှင်သောသူများသည် လောကကို အုပ်စိုးရ၍၊ သေသူများသည် လောကဓံမှ ကင်းလွတ်ကာ၊ မိမိပြုခဲ့သည့်တိုင်း ရိတ်ရကြမည်၊ ထိုသူတို့သည် ငါ့အဖ၏အိမ်တော်၌ ငါပြင်ဆင်ထားသော သရဖူကို ရကြလိမ့်မည်။" [၁၆]

သန့်ရှင်းသော ဂိညာဉ်တော်အားဖြင့် ကောင်းကင်ဘုံရှင်အဘရဲ့ ဖိတ်ခေါ်ချက်ကို ကျွန်တော်တို့ လိုက်လျှောက်နိုင်ပါတယ်။ "ဤသူကား ငါ၏ချစ်သားပေတည်း၊ သူ့အားနာခံလော့" [၁၇]

သူ့ကို ဘယ်လိုချဉ်းကပ်ရမယ်ဆိုတာကို နှုတ်အာဖြင့်သော်လည်းကောင်း၊ ပုံသက်သေအားဖြင့်သော်လည်းကောင်း၊ ခရစ်တော်ပြသခဲ့ပြီ။ ဘုရားသခင်ရဲ့သားသမီးမှန်သမျှ၊ သူရဲ့ အသင်းတော်ကို နှစ်ခြင်းမင်္ဂလာအားဖြင့် ဝင်ရောက်သောသူမှန်သမျှ၊ ဧဝံဂေလိတရားတော်ကိုဘုရားအမှုတော်ဆောင်များထံမှ တစ်ဆင့်ကြားရသော အခွင့်ကို ရမှာဖြစ်ပါတယ်။ "ငါ့ထံသို့ လာလော့" [၁၈]

ဘုရားသခင် နဲ့ဂတိပြုထာပြီးတဲ့အမှုတော်ဆောင်တိုင်း၊ ဤလောကမှာဖြစ်စေ၊ ဂိညာဉ်ကမ္ဘာမှာ ဖြစ်စေ၊ သူတပါးကိုကောင်းကြီးပေး အစေခံရာတွင်၊ သန့်ရှင်းသောဂိညာဉ်တော်ရဲ့ လမ်းပြမှုကို ရရှိကြမှာ ဖြစ်ပါတယ်။သူ့ရဲ့မေတ္တာကိုခံစားရပြီး၊ သူနဲ့အတူရှိခြင်းကလာတဲ့ ဝမ်းမြောက်မှုကိုလည်းခံစားကြရမှာ ဖြစ်ပါတယ်။

မိမိတို့၏ကိုယ်တွေ့အတွေ့ကြုံကြောင့် သခင့်ရဲ့ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ယုံကြည်ခဲ့ကြတဲ့ အဲမအားစ် အိမ်မှာရှိတဲ့ တပည့်တော်နှစ်ပါး ကဲ့သို့ပဲ ကျွန်တော်ဟာလည်း ခရစ်တော်ထမြောက်ခြင်းရဲ့ သက်သေခံတစ်ပါးပါပဲ။ ပါမိုင်းရား မှာရှိတဲ့ တောအုပ်တစ်ခုမှာ ခမည်းတော် နဲ့သားတော်ကို တွေ့ခဲ့ရလို့ ခရစ်တော် အသက်ရှင်ကြောင်း အကြွင်းမဲ့ယုံကြည်တဲ့ ဂျိုးဇက်စမစ်လိုပဲ၊ ခရစ်တော်အသက်ရှင်ကြောင်း ကို ကျွန်တော်သိပါတယ်။

ဒီအသင်းတော်ဟာ ယေရှုခရစ်တော်ရဲ့ အသင်းတော်ဖြစ်တယ်။ ကျွန်တော်တို့တတွေ မိသားစုများနဲ့ အတူ ဘုရားသခင်နဲ့ထာဝရ စံစားဖို့ရန်လိုအပ်တဲ့ ဘိသိတ်မင်္ဂလာတရားများကို ဥက္ကဋ္ဌ သောမစ်အက်စ် မွန်ဆွန်မှာရှိတဲ့ ယဇ်ပုရောဟိတ်အခွင့်အာဏာအားဖြင့်သာ ဆောင်ရွက်နိုင်ပါတယ်။ တရားစီရင်ရာနေ့ မှာ ကျွန်တော်တို့ဟာ ကယ်တင်ရှင်နဲ့ မျက်နှာချင်းဆိုင်ရမှာဖြစ်ပါတယ်။ ဒီဘဝမှာ သခင့်အမှုကိုဆောင်ခဲ့ကြတဲ့သူတွေအတွက်တော့ ပျော်စရာအချိန်ဖြစ်ပြီး၊ "သာဓုငယ်သားကောင်း" ဆိုတဲ့သခင့်စကားကို လည်း ဝမ်းမြောက်ဝမ်းသာကြားရမှာပါ။ [၁၉] ကျွန်တော်တို့ရဲ့ ကယ်တင်ရှင်ရဲ့ သက်သေအဖြစ် ယေရှုခရစ်တော်၏ နာမ၌ သက်သေခံပါတယ်။ အာမင်။

**မှတ်ချက်**

၁။ ယုံကြည်ခံယူချက်ကျမ်း ၈၈း၆၃
၂။ ယုံကြည်ခံယူချက် ကျမ်း ၆း၂၀
၃။ "ကျွန်ုပ်နှင့် အတူရှိပါ၊ နေဝင်လုချိန် နီးပြီ" ဓမ္မသီချင်း နံပါတ် ၁၆၅
၄။ ရှင်လုကာ ၂၄း၅-၇
၅။ ရှင်မာကု ၁၆း၇
၆။ ရှင်လုကာ ၂၄း၁၅-၁၈
၇။ ရှင်လုကာ ၂၄း၂၅-၂၇
၈။ ရှင်လုကာ ၂၄း၂၈-၂၉။
၉။ ရှင်လုကာ ၂၄း၃၂
၁၀။ ရှင်လုကာ ၂၄း၄၆-၄၈
၁၁။ မိုစိုင်းရား ၁၈း၈-၁၁
၁၂။ ယုံကြည်ခံယူချက် ကျမ်း ၈၄း၈၈
၁၃။ ယုံကြည်ခံယူချက်ကျမ်း ၁၀၀း၁
၁၄။ မိုစိုင်းရား ၂၇း၁၄
၁၅။ ယုံကြည်ခံယူချက်ကျမ်း ၁၄း၆-၇
၁၆။ ယုံကြည်ခံယူချက်ကျမ်း ၅၉း၂
၁၇။ ဂျိုးဇက်စမစ်-အထုပ်ပတ္တိ ၁း၁၇
၁၈။ မဿဲ ၁၁း၂၈
၁၉။ မဿဲ ၂၅း ၂၁

© Intellectual Reserve, Inc အားဖြင့်၂၀၁၃ ခုနှစ်တွင် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/12။ ဘာသာပြန်ခွင့်ပြုချက် 6/12။ *Visiting Teaching Message, May 2013 အားဘာသာပြန်ဆိုခြင်း၊* Burmese 10665 256